

# သင်၏အခွင့်အရေးများ နှင့် တာဝန်ဝတ္တရားများ-

## အသည်းရောင်အသားဝါ ဘီပိုး သို့မဟုတ် စီပိုး ရှိနေခြင်း

ဩစတြေးလျနိုင်ငံတွင် အသည်းရောင်အသားဝါ ဘီ (ဘီပိုး) သို့မဟုတ် စီ (စီပိုး) ခံစားနေရသူများ၌ ခွဲခြားဆက်ဆံမှုခံရခြင်းမှ ကာကွယ်ပေးသည့် အခွင့်အရေးရှိသည်။ ၎င်းရောဂါဝေဒနာခံစားနေရသူများတွင်လည်း ပြည်သူ့ကျန်းမာရေးအား ကာကွယ်ပေးရန် တာဝန်ရှိသည်။

### သင့်တွင် အတွင်းရေးလျှို့ဝှက်ထားခွင့်နှင့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှု ရပိုင်ခွင့်တို့ ရှိပါသည်

- သင့်အား မျှတမှုမရှိစွာဖြင့် ဆက်ဆံပါက သို့မဟုတ် ရရှိသည့် ဝန်ဆောင်မှုအရည်အသွေးသည် သင့်အတွက် အဆင်မပြေပါက သင့်တွင် တိုင်ကြားရန် အခွင့်ရှိသည်။
- သင်၏ကျန်းမာရေးစောင့်ရှောက်သူသည် သင်၏ ကျန်းမာရေးအချက်အလက်ကိုသာ မေးမြန်းရယူသင့်သည် သို့မဟုတ် သင်၏သဘောတူညီချက်ရမှသာ ကျန်းမာရေးစမ်းသပ်မှုများကို ဆောင်ရွက်ရမည်။[1]
- ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့မှ သင်၏ကျန်းမာရေးအချက်အလက်များကို ဖွင့်ဟပြနိုင်သည့်အပိုင်းမှာ အချို့သာ ရှိပါမည်။ ဥပမာအားဖြင့် အသက်အန္တရာယ်၊ ပြင်းထန်သည့် ကျန်းမာရေးအခြေအနေကို ကြုံရသည့်အခါ၊ သို့မဟုတ် သင် သို့မဟုတ် အခြားသူတစ်ဦးဦး၏လုံခြုံရေးအတွက် ဥပဒေအရ လိုအပ်သည့်အခါ သို့မဟုတ် ပြည်သူ့ကျန်းမာရေးအန္တရာယ်နှင့် ကြုံရသည့်အခါမျိုးများတွင် ဖြစ်နိုင်ပါသည်။[2]

### သင့်တွင် အလုပ်ခွင်အတွင်း လျှို့ဝှက်ထားခွင့်နှင့် ထိုက်သင့်သော လုပ်ငန်းခွင် ချိန်ညှိချက်များ ရပိုင်ခွင့်ရှိပါသည်

- သင်၏ပုံမှန်တာဝန်များကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်ရန် ထိုက်သင့်သော လုပ်ငန်းခွင် ချိန်ညှိချက်များ ထားရှိပေးရန် သင့်အလုပ်ရှင်အား မေးမြန်းအကူအညီတောင်းနိုင်ပါသည်။ သင်က ဆေးဘက်ဆိုင်ရာ သက်သေခံလက်မှတ်တစ်ခုပြရန် လိုအပ်နိုင်ပါသည်။[3]
- အလုပ်ရှင်များသည် သင်၏ခွင့်ပြုချက်မရဘဲ သင့်တွင် ဘီပိုး သို့မဟုတ် စီပိုး ရှိကြောင်း အခြားသူများအား ပြောပြပိုင်ခွင့်မရှိပါ။[4] သို့သော် သင်သည် ၎င်းတို့အား အဘယ်ကြောင့်ပြောပြလိုသည်ကို အသေအချာ စဉ်းစားသင့်သည်။

# လူထုကျန်းမာရေးအား ကာကွယ်စောင့်ရှောက်ရန် သင့်တွင် တာဝန်ရှိသည်

## လူထုကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ရန်အတွက် သင် ယခု အသည်းရောင်အသားဝါရောဂါဖြစ်နေသည် သို့မဟုတ် ယခင်က ဖြစ်ခဲ့ဖူးသည်ကို မဖြစ်မနေပြောပြရမည့် အခြေအနေအနည်းငယ်ရှိသည်။

သင့်တွင် ယခု ဘီပိုး သို့မဟုတ် စီပိုး ရှိနေလျှင် သို့မဟုတ် ယခင်က စီပိုး ရှိခဲ့ဖူးလျှင် သွေး**လှူ၍** မရပါ သို့မဟုတ် သွေးရေကြည် လှူ၍ မရပါ။[5]

အကယ်၍ သင်သည် **ဩစတြေးလျနိုင်ငံတွင် နေထိုင်ရန် ဗီဇာလျှောက်ထားပါက** မေးခွန်းအားလုံးကို မှန်မှန်ကန်ကန် ဖြေကြားပေးသင့်ပါသည်။ နိုင်ငံသားအဖြစ် သို့မဟုတ် အမြဲတမ်းနေထိုင်ခွင့်အတွက် မလျှောက်မီတွင် မှတ်ပုံတင်ထားသည့် ရွှေ့ပြောင်းအခြေချနေထိုင်ရေး ကိုယ်စားလှယ်ထံမှ အကူအညီတောင်းခံရန် အကြံပြုလိုပါသည်။ အချို့ကိစ္စရပ်များတွင် သင်သည် အသည်းရောင်အသားဝါရောဂါ စမ်းသပ်စစ်ဆေးမှု ခံယူရန် လိုအပ်နိုင်ပါသည်။

သင်၏ ကျန်းမာရေးအခြေအနေသည် သင့်အာမခံပေးသူ၏ ဆုံးဖြတ်ချက်အပေါ် သို့မဟုတ် သင့်အား အာမခံပေးမည့် စည်းမျဉ်းစည်းကမ်းများအပေါ် သက်ရောက်နိုင်ခြင်းရှိလျှင် သင့်တွင် ဘီပိုး စီပိုး ရှိကြောင်းကို **သင့်အတွက်v အာမခံပေးသူအား ပြောပြရန်လိုအပ်နိုင်သည်**။ သင်သည် ၎င်းတို့အား ပြောပြထားခြင်းမရှိပါက သင်အာမခံကြေးတောင်းဆိုရန် လိုအပ်သည့်အခါ ၎င်းတို့က သင်၏ စာချုပ်ကို တရားမဝင်ဟု သတ်မှတ်နိုင်သည်။[6]

သင်သည် **ဩစတြေးလျနိုင်ငံ ကာကွယ်ရေးတပ် (ADF) ၏အဖွဲ့ဝင်တစ်ဦး** ဖြစ်လျှင် ADFကို အကြောင်းကြားပြောပြရမည်။[6]

သင်သည် **ကျန်းမာရေးစောင့်ရှောက်မှုပေးသူတစ်ဦး** ဖြစ်ပါက သွေးမှတစ်ဆင့်ကူးစက်သောဗိုင်းရပ်စ်ပိုးဆိုင်ရာဖွင့်ဟထုတ်ဖော်ချက်နှင့်ပတ်သက်သည့်**နိုင်ငံ့လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရမည်:**[7] www1.health.gov.au/internet/main/publishing.nsf/Content/cda-cdna-bloodborne.htm

သင်သည် **ကိုယ်အင်္ဂါ သို့မဟုတ် သုတ်ပိုး** လှူဒါန်းလိုပါက သင့်တွင် အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုး ရှိမရှိ စစ်ဆေးစမ်းသပ်ပါမည်။ သင် လှူဒါန်း၍ ရနိုင်ပါသေးသည်၊ သို့သော် ၎င်းမှာ ဖြစ်ရပ်တစ်ခုချင်းပေါ်မူတည်၍ ဆုံးဖြတ်သွားမည်ဖြစ်သည်။[8]

သင့်တွင် ဘီပိုး စီပိုး ရှိလျှင် **သင် မည်သည့်သူငယ်ချင်းနှင့် မိသားစုဝင်အား ပြောပြလိုသည်မှာ သင့်ရွေးချယ်မှုသာ ဖြစ်သည်၊ သို့သော်** ဤပိုးနှင့်ထိတွေ့ခဲ့နိုင်သူများကို ပြောပြရန် စဉ်းစားသင့်သည်။ သို့မှသာ ၎င်းတို့ စမ်းသပ်စစ်ဆေးမှုခံယူနိုင်ပြီး လိုအပ်ပါက ကုသမှုခံယူနိုင်မည် ဖြစ်သည်။ အကယ်၍ ၎င်းတို့သည် ပိုးနှင့်ထိတွေ့ထားခြင်းမရှိပါက နောင်တွင် အသည်းရောင်အသားဝါ ဘီပိုး ကူးစက်မခံရစေရန် ကာကွယ်ဆေးထိုးနှံထားနိုင်မည်ဖြစ်သည်။ ရောဂါပိုးနှင့်ထိတွေ့ထားနိုင်သည့် တခြားသူများအား သင်မပြောပြဖို့ အဆင်မပြေပါက သင်၏ဆရာဝန်ကို အကူအညီတောင်းပြီး ၎င်းတို့ကို အမည်မဖော်ပြဘဲ အသိပေးရှင်းပြခိုင်းနိုင်ပါသည်။

## နောက်ထပ် အချက်အလက်များ

အသည်းရောင် အသားဝါ ဘီပိုး သို့မဟုတ် စီပိုးခံစားနေရသူအနေဖြင့် သင့်အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများနှင့်ဆိုင်သည့် နောက်ထပ်အသေးစိတ်အချက်အလက်များကို လေ့လာဖတ်ရှုနိုင်ရန် hepatitisaustralia.com/your-rights-and-responsibilities တွင် ဝင်ရောက်လေ့လာကြည့်ပါ သို့မဟုတ် သင့်ပြည်နယ် သို့မဟုတ် သင့်ဒေသရှိ အသည်းရောင် အသားဝါအသိုက်အဝန်းနှင့် ဖုန်းဆက်စကားပြောလိုပါက အသည်းရောင်အသားဝါဆိုင်ရာအချက်အလက် (Hepatitis Infoline) ဖုန်း **1800 437 222** သို့ ခေါ်ဆိုပါ။

hepatitis australia

1800 437 222
hepatitisaustralia.com



**ကိုးကားချက်** **1.** Australian Commission on Safety and Quality in Health Care. (2019). My Healthcare Rights. **2.** ASHM. (n.d.). Guide to Australian HIV Laws and Policies for Healthcare Professionals. **3.** Australian Human Rights Commission. (2012, December 14). A brief guide to the Disability Discrimination Act **4.** Australian Human Rights Commission. (2010). 2010 Workers with Mental Illness: a Practical Guide for Managers - Appendix A: Knowing the Law **5.** Australian Red Cross Blood Service. (n.d.). I had hepatitis - can I donate? **6.** Disability Discrimination Act 1992. (2018, April 19). Australia: Federal Register of Legislation. **7.** Department of Health. (2018, December). Australian National Guidelines for the Management of Healthcare Workers Living with Blood Borne Viruses and Healthcare Workers who Perform Exposure Prone Procedures at Risk of Exposure to Blood Borne Viruses. **8.** NHMRC. (2017). Ethical guidelines on the use of assisted reproductive technology in clinical practice and research

ဤအရင်းအမြစ်သည် အထွေထွေအချက်အလက်များအတွက်သာ ပေးထားခြင်းဖြစ်ပြီး ဥပဒေအရ သို့မဟုတ် ဆေးဘက်ဆိုင်ရာအကြံပြုချက်များကို အစားထိုးရန် ရည်ရွယ်ခြင်းမဟုတ်ပါ။ ဤနေရာတွင် ပေးထားသောအချက်အလက်များကို အခြေခံပြီး မည်သည့်ဆုံးဖြတ်ချက်တစ်စုံတစ်ရာကို မချမီ သီးခြားအကြံပြုချက်များကို ရှာဖွေရယူရန် ကျွန်ုပ်တို့မှ သင့်ကို အကြံပြုလိုပါသည်။